
## သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်တွင် ပုံစံ(၈)ဝင် ကျွန်းသစ်/ခွဲသား၊ အခြားသစ်/မျော များ လေလံတင်ရောင်းချမည့် အစီအစဉ်

သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်၊ပြည်၊ ပန်းတောင်းမြို့နယ်များတွင် ရှိသော ပုံစံ(၈) ဝင် ကျွန်းသစ်/ခွဲသား၊ အခြားသစ်၊ အခြားတိုင်/မျော (၃၅၃)လုံး/ချောင်း (၂၅.၈၇၁၉) တန်အား (၁၈-၆-၂၀၁၄)ရက်နေ့တွင် ပြည်ခရိုင်၊ သစ်တောဦးစီးဌာနရုံးတွင် လေလံစည်းကမ်းချက်များနှင့် အညီ ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချသွားမည် ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များအား လက်ထော်ညွှန်ကြားရေးမှူးရုံး ပြည်ခရိုင်၊ သစ်တောဦးစီးဌာနတွင် ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။



### လေလံတင်ရောင်းချမည့်ပုံစံ(၈)ဝင်သစ်များ

| စဉ် | မြို့နယ် | သစ်အမျိုးအစား | အရေအတွက် | တန် |
|---|---|---|---|---|
| ၁။ | ပေါင်းတည် | ကျွန်းသစ်/ခွဲသား | ၁၇၇-လုံး/ချောင်း | ၅.၃၄၆၈ |
| ၂။ | ပြည် | အခြားသစ်/တိုင်/မျော (သင်းဝင်မှအပ) | ၅၆-လုံး | ၄.၇၇၀၀ |
| ၃။ | ပန်းတောင်း | ကျွန်း/အခြား (သင်းဝင်မှအပ) | ၁၂၀-လုံး/ချောင်း | ၁၅.၇၅၄၂ |
| | | စုစုပေါင်း | ၃၅၃-လုံး/ချောင်း | ၂၅.၈၇၁၀ |

<u>**လေလံစည်းကမ်းချက်များ**</u>

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

သစ်တောဦးစီးဌာန

လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ပြည်ခရိုင်

လေလံအမှတ်၊၁/၂၀၁၄-၂၀၁၅

သစ်တောဦးစီးဌာန၊ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ပြည်မြို့နယ်နှင့် ပန်းတောင်းမြို့နယ် တို့မှ ပုံစံ(၈)သစ်များကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရန်အတွက် သတ်မှတ်ထားသော လေလံစည်းကမ်းချက်များ-

၁။ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော သစ်များကို မျက်မြင်အခြေအနေအတိုင်း သစ်တောဦးစီးဌာနမှ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။ မျက်မြင် စစ်ဆေးကြည့်ရှု၍ ကျေနပ်မှသာ လေလံဆွဲဝယ်ယူရမည်ဖြစ်ပါသည်။

၂။ လေလံဆွဲဝယ်မည့်ပုဂ္ဂိုလ်သည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ပြီး အမျိုးသား/နိုင်ငံသား စိစစ်ရေးကဒ်ပြားပြနိုင်သူဖြစ်ရမည်။လေလံဆွဲဝယ်ယူသူသည်ကိုယ်တိုင်ဖြစ်စေ၊ စနစ်တကျ လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ဈေးပြိုင်ပေးပြီး ဝယ်ယူခွင့်ရှိသည်။ ကိုယ်စားလှယ် လွှဲအပ်မည်ဆိုပါက အမျိုးသား/ နိုင်ငံသားစိစစ်ရေးကဒ်ပြားရှိသူဖြစ်ပြီး သတ်မှတ်ပုံစံတွင် ဖြည့်စွက်၍ လေလံတင်ရောင်းချရေးအဖွဲ့ထံ လေလံရောင်းချမည့် ရက်မတိုင်မီ အနည်းဆုံး (၁)ရက်ကြိုတင် တင်ပြရပါမည်။

၃။ လေလံတင်ရောင်းချခြင်းကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ပြည်ခရိုင်၊ပြည်မြို့တွင်၂၀၁၄-ခုနှစ်၊ဇွန်လ၊ ၁၈ ရက်နေ့နံနက်(၁၀:၀၀)နာရီတွင် လေလံတင် ရောင်းချပါမည်။

၄။ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည့်သစ်များကို လေလံတင်ရောင်းချရေးအဖွဲ့မှ ထုတ်ပေးမည့်ကြည့်ရှုခွင့် လက်မှတ်ဖြင့် (၉-၆-၂၀၁၄)နေ့မှစ၍ လေလံပွဲမစမီ တစ်ရက်အလို ရုံးချိန်အတွင်းသစ်များထားရှိသည့်နေရာသို့ သွားရောက်ကြည့်ရှုနိုင်ပါသည်။

၅။ လေလံလျှောက်လွှာနှင့်စည်းကမ်းချက်များအား သစ်တောဦးစီးဌာန၊ ပြည်ခရိုင်ရုံး၊ ပြည်မြို့ တွင် တစ်စုံလျှင်(၅၀၀၀ိ/-)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၆။ လေလံဆွဲဝယ်ယူမည့်သူများသည် လပ်ပုံတစ်ခုစီအလိုက် စပေါ်ငွေပေးသွင်းရမည်။ စပေါ်ငွေပေးသွင်းပြီးကြောင်း ငွေရပြေစာထုတ်ပေးပါမည်။

| | | |
|---|---|---|
| လပ်ပုံ(၁) | = | ၂၀၀၀၀၀ိ/- |
| လပ်ပုံ(၂) | = | ၄၀၀၀ိ/- |
| လပ်ပုံ(၃) | = | ၁၅၀၀၀ိ/- |
| လပ်ပုံ(၄) | = | ၃၀၀၀ိ/- |
| လပ်ပုံ(၅) | = | ၅၀၀၀ိ/- |

| | | |
|---|---|---|
| လပ်ပုံ(၆) | = | ၇၀၀ဝိ/- |
| လပ်ပုံ(၇) | = | ၂၀၀၀ဝိ/- |
| လပ်ပုံ(၈) | = | ၄၀၀၀ဝိ/- |
| လပ်ပုံ(၉) | = | ၃၀၀၀၀ဝိ/- |
| လပ်ပုံ(၁၀) | = | ၃၀၀၀ဝိ/- |
| စုစုပေါင်း | = | ၆၂၄၀၀ဝိ/- |

(က) ပေးသွင်းထားသော စပေါ်ငွေများကို ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ရေတွက်လက်ခံ ထုပ်ပိုးရေးမှတ်ပြီး သိမ်းဆည်းထားပါမည်။

(ခ) ပြန်လည်ထုတ်ပေးသောအခါ၌လည်း အဆိုပါ စပေါ်ငွေများအား အထုပ်အလိုက် ရေတွက်ထုပ်ပိုးပေးပါမည်။

(ဂ) စပေါ်ငွေပေးသွင်းသော ငွေစက္ကူများထဲတွင် သုံးမရသော တရားမဝင်ငွေစက္ကူများ ပါရှိပါက သစ်တောဦးစီးဌာနမှ တာဝန်မယူပါ။

၇။ စပေါ်ငွေပေးသွင်းပြီးကြောင်းငွေရပြေစာမူရင်းနှင့် လေလံစည်းကမ်းချက်တင်ပြနိုင်သူကိုသာ လေလံဆွဲဝယ်ခွင့်ပေးမည်ဖြစ်သည်။

၈။ လေလံဆွဲဝယ်ရာတွင် လပ်ပုံတစ်ခုစီအတွက် စပေါ်ငွေပေးသွင်းပြီးကြောင်း ငွေရပြေစာပေါ်တွင်ပါရှိသည့်(တံုကင်နံပါတ်)ဖြင့် ဆွဲဝယ်ရမည်။

၉။ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရာတွင် လေလံတင်ရောင်းချရေးအဖွဲ့က ဈေးစတင်ခေါ်ယူခြင်းမပြုဘဲ ဝယ်ယူသူများကသာ ဈေးစတင်၍ ဝယ်ဈေးကိုပေးရမည်ဖြစ်သည်။

၁၀။ ဝယ်ဈေးအမြင့်ဆုံးပေးနိုင်သူကို လေလံအောင်မြင်သူအဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။

၁၁။ လေလံဆွဲဝယ်အောင်မြင်ခြင်းမရှိသော သူများ၏ စပေါ်ငွေကို လေလံပွဲပြီးဆုံးသည့်ရက်မှစ၍ (၇)ရက်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ သတ်မှတ်ရက်အတွင်း လာရောက်ထုတ်ယူခြင်းမရှိပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်သည်။

၁၂။ လေလံဆွဲဝယ်အောင်မြင်သူသည် အောင်မြင်သည့်လပ်ပုံတစ်ခုစီအတွက် လေလံအောင်မြင်သည့်ငွေ၏ (၂၅%)ကို ချက်ချင်းပေးသွင်းရမည်။

၁၃။ လေလံအောင်မြင်သူသည် တန်ဖိုးငွေအပြည့်အဝပေးသွင်းခြင်းကို လေလံအောင်မြင်သည့်ရက်မှစ၍ (၇)ရက်အတွင်းလေလံတင်ရောင်းချရေးအဖွဲ့သို့ ပေးသွင်းရမည်။ ပေးသွင်းခြင်းမပြုနိုင်ပါက ပေးသွင်းထားသည့်ငွေနှင့် စပေါ်ငွေကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူမည်ဖြစ်သည်။

၁၄။ လေလံအောင်မြင်သူသည် လေလံအောင်မြင်သည့် ငွေအပြည့်အဝကို သစ်တောဦးစီးဌာန၊ လေလံတင်ရောင်းချရေးအဖွဲ့သို့ ပေးသွင်းပြီးမှသာ ဆွဲဝယ်ရရှိသည့်သစ်များကို ရောင်းတံဆိပ်ရိုက်မှတ်ပေးခြင်း၊ ဘီလ်ပြေစာ၊ သစ်အတိုင်းစာရင်းထုတ်ပေးခြင်းဖြင့် လေလံဆွဲဝယ်ရရှိသည့်သစ်များ ထုတ်ယူခွင့်ကို လေလံတင်ရောင်းချရေးအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၁၅။ လေလံဆွဲဝယ်အောင်မြင်သူသည် လေလံအောင်မြင်သည့်ငွေအပြည့်အဝ ပေးချေပြီးပါက အောက်ဖော်ပြပါစာရွက်စာတမ်းများကိုပြသပြီး လေလံဆွဲဝယ်ရရှိသည့်သစ်များကို ထုတ်ယူနိုင်ပါသည်။

(က) အမျိုးသား/နိုင်ငံစိစစ်ရေးကဒ်ပြား

(ခ) ကိုယ်စားလှယ်မှထုတ်ယူလျှင် တရားဝင်ကိုယ်စားလှယ်လွှဲစာ

(ဂ) သစ်တောဦးစီးဌာနမှ ထုတ်ပေးထားသော ဘီလ်ပြေစာ/ သစ်အတိုင်းစာရင်းနှင့် ငွေပေးသွင်းပြီးကြောင်း ချလံ/ပြေစာ

(ဃ) လေလံအောင်မြင်ပြီးပါကမြန်မာ့စီးပွားရေးဘဏ်တွင် ငွေအကြေပေးသွင်းပြီးနောက် သစ်တောဦးစီးဌာနထံမှ ပုံစံ(၈)ဝင်သစ်များအား တရားဝင်လွှဲပြောင်းပေးအပ်ရန် အတွက် တောင်းခံလွှာတင်ပြရမည်။

၁၆။ လေလံအောင်မြင်သော ပုံစံ(၈)သစ်များကို လေလံဝယ်ယူအောင်မြင်ပြီးသည့်ရက်မှစ၍ (၁) လအတွင်းသယ်ယူရမည်ဖြစ်ပြီး (၁)လအတွင်းသယ်ယူခြင်းမရှိ၍ ပစ္စည်းလျော့နည်းပျောက် ဆုံးပါက သယ်ယူရန်နောက်ကျသည့် လေလံဆွဲဝယ်ယူသူ၏ တာဝန်သာဖြစ်သည်။

၁၇။ လေလံအောင်မြင်သော ပုံစံ(၈)သစ်များအား တိုင်းကျော်သယ်ယူခွင့်မပြုပါ။

၁၈။ တရားဝင်လွှဲပြောင်းပြီးသော ပုံစံ(၈)ဝင်သစ်များနှင့်ပတ်သက်၍ လက်ဝယ်ရောက်ရှိပါက ပျက်စီး/ပျောက်ဆုံးမှုမရှိစေရေး၊လေလံအောင်မြင်သူမှတာဝန်ယူကြောင်း ခံဝန်ကတိတင်ပြရမည်(သို့မဟုတ်) လေလံအောင်သည့်နေ့မှစ၍ မိမိပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ရန် အစောင့်ထားရှိရမည်။

၁၉။ လေလံအောင်မြင်၍ ဝယ်ယူခွင့်ရရှိပြီးနောက် ယင်းပစ္စည်းအတွက် ရန်သူမျိုးငါးပါး ဖျက်ဆီးမှုအန္တရာယ်ကို သစ်တောဦးစီးဌာနမှ တာဝန်ယူမည်မဟုတ်ပါ။

၂၀။ ပုံစံ(၈)ဝင်သစ်များ လေလံတင်ရောင်းချရေးအဖွဲ့သည် အကြောင်းတစ်စုံတစ်ရာ ဖော်ပြခြင်းမပြုဘဲ လေလံတင်ရောင်းချခြင်းကို ပယ်ဖျက်ခွင့်ရှိသည်။

လေလံတင်ရောင်းချရေးအဖွဲ့<br>သစ်တောဦးစီးဌာန